
## သမ္မာကျမ်းစာ

## - ကျွန်ုပ်တို့၏ မြင့်မြတ်သောတာဝန်နှင့် အခွင့်ထူး -

**The Bible**

**- Our Sacred Duty & Privilege -**




**၁။ ဘုရားသခင်သည် သူမှုတ်သွင်းထားသော၊ မမှားယွင်းနိုင်သော၊ လုံလောက်သော သူ၏နှုတ်ကပတ်တော်နဲ့ ကျွန်ုပ်တို့ကို ကောင်းချီးပေးတော်မူ ပြီဖြစ်သည်။** ဘုရားသခင်ရေးထားသော အဖိုးတန်ရတနာစာအုပ်တစ်အုပ် ကျွန်ုပ်တို့လက်ထဲ၌ရှိသည်။ အမှားမရှိသော ဘုရားသခင်၏ နှုတ်ကပတ် တော်သည် ကျွန်ုပ်တို့၏နေ့စဉ် အတိုင်ပင်ခံနှင့် အဖော်မွန်မိတ်ဆွေဖြစ်ပါစေသော (ဆာ ၁၁၉:၁၀၅)။ ၎င်းတို့ကို တွေးတောဆင်ခြင်ပြီး သမ္မာကျမ်းစာကို စိတ်အားထက်သန်စွာ ဖတ်ရှုကြပါစို့။ ထိုကျမ်းစာ ၌ပါသော မှုတ်သွင်းခံဘုရားစကားများသည် နေ့ရက်အစပြုရာမှစ၍ သင့်စိတ်ကို ရှင်လန်းခြင်း ပေးပါစေ။ နေ့၏ဖျော်ဖြေပွဲ (သို့) အလုပ် မစတင်မီတွင် ဘုရားသခင်နှင့် အရင်အချိန်ယူပြီး သမ္မာကျမ်းဟာ သာမန် (သို့) လောကီ စာအုပ်မဟုတ်ကြောင်းကို သတိပြုပြီးဖတ်ရှုပါ။ **၂ပေ ၁း၁၉-၂၁** က၊ 'ထိုမှတပါး၊ သာ၍မြဲမြံသော နာဂတ္တိ စကား တော်သည် ငါတို့၌ ရှိသေး၏။ စိတ်နှလုံးထဲ၌ ဘာရဏ် တက်၍ ကြယ်နီပေါ်ထွက်သည် ကာလတိုင်အောင်၊ ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ ထွန်းလင်း သောဆီမီးကဲ့သို့မှတ်၍၊ သင်တို့သည် အမှီပြုသင့်ကြ၏။ ကျမ်းစာ၌ပါသော အာနဂတ္တိ စကားမည်သည် ကား၊ ကိုယ်အလိုအလျောက်အနက်မပေါ်ဟု ရှေ့ဦးစွာ သိမှတ်ကြ လော့။ အကြောင်းမူကား၊ အနာဂတ္တိစကားသည် လူအလိုအားဖြင့် ဖြစ်ဘူးသည် မဟုတ်၊ ဘုရား သခင်၏ သန့်ရှင်းသောသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်း တော်မူခြင်းကို ခံရ၍ ဟောပြောကြ၏။'

**၂။ သမ္မာကျမ်းစာကို သိရှိရန်၊ နားလည်သဘောပေါက်ရန်နှင့် အသက်တာ၌လက်တွေ့အသုံးချရန် လေ့လာပါ။** သမ္မာကျမ်းစာဖတ်ခြင်းသည် ထုံးတမ်းစဉ်လာမျှသာမဟုတ်ဘဲ ဝိညာဉ်ခွန်အားအတွက် စစ်မှန်သောမန္နမုန့် ထက်ပိုသည်။ **ယေရမိ ၁၅း၁၆** က၊ 'ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်

ထာဝရဘုရား၊ အကျွန်ုပ်တွေ့သော နှုတ်ကပတ်တော် စကားကို ခံယူပါပြီ။ နှုတ်ကပတ် တော်သည် အကျွန်ုပ် ဝမ်းမြောက်ရွှင်လန်းစရာအကြောင်း ဖြစ်ပါ၏။ နာမ တော်ဖြင့် အကျွန်ုပ်ကို ခေါ်ဝေါ်ပါ၏။' သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အသက်တာတွင် လေ့လာ၊ နားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးရန်ဖြစ်သည် ( **ဖိ ၄း၉** )။ ဒီမေးခွန်းကိုမေးပါ– ဒီနေ့ ဒါက ကျွန်ုပ်အတွက် ဘာအဓိပ္ပာယ်လဲ?။ အဖိုးတန်ကျောက်မျက်ရတနာ သို့မဟုတ် ရွှေ ကို ထက်ထက်သန်သန် ကြိုးစားရှာဖွေနေသော လူတစ်ယောက်ကဲ့သို့ ကျမ်းစာ၏အဓိပ္ပာယ်ကို နက်နက်နဲနဲ တူးဆွပါ။

**၃။ ရိုးရှင်းပြီး နှိမ့်ချသော ယုံကြည်ခြင်းဖြင့် သမ္မာကျမ်းစာ၌ပါသော အကြောင်းအရာကို တွေးတောဆင်ခြင်ပါ။** သင်၏နှလုံးသားကိုဖွင့်ဟပြီး—ဘုရားသခင်၏နှုတ်ထွက်စကားဖြစ်သော ကျမ်းစာကို ဖွင့်ပြီး ၎င်း၏သွန်သင်ဆုံးမမှုကို နှစ်သက်လက်ခံပါစေ။ ဤနေရာတွင် နှုတ်ကပတ်တော်သမ္မာတရားကို နက်နက်နဲနဲ ဖတ်ရှုပြီး နားလည်သဘောပေါက်ရန် နည်းလမ်းရှာဖွေပါ။ နှုတ်ကပတ်တော်ကို ဆင်ခြင်တွေးတောရန် နှလုံးသားနဲ့ခံယူသာမက အသက်တာ၌လည်း လက်တွေ့ကျင့်သုံးဖို့ ဆုံးဖြတ်ပါ။ သင် သမ္မာကျမ်းစာကို ဖတ်ရှုသည့်အခါ၊ အဲဒါက ဘုရားသခင်က ကျွန်ုပ်တို့ကို စကားပြောနေသည်ဆိုတာ ယုံကြည်ပြီး နာခံရမည်ဖြစ်သည်။ ဒီနည်းလမ်းမှလွဲ၍ တခြားနည်းလမ်းမရှိပါ။

**၄။ သမ္မာကျမ်းစာ၏သွန်သင်ချက်များကို ယုံကြည်ခြင်းဖြင့် နှလုံးသွင်းခံယူပါ။** တိတ်ဆိတ်ငြိမ်သက်သောနေရာကိုရှာပြီး နှုတ်ကပတ်တော်ကို လုံ့လဝီရိယနှင့် စည်းကမ်းဖြင့် ဆင်ခြင်နိုင်ရန် ဆုတောင်းပါ။ မြင့်မြတ်သော နှုတ်ကပတ်တော်၏ စာမျက်နှာများကို သင်လေ့လာသည့်အခါ "ဤလေ့လာခြင်းက ကျွန်ုပ်၏ဘဝ၊ ပန်းတိုင်နှင့် သက်သေခံချက်တို့အပေါ်




သခင်ဘုရားအတွက် မည်သို့အကျိုးသက်ရောက်သင့်သနည်း?" အဲဒါက ကျွန်ုပ်ကို ဘာသတိပေးတာလဲ သို့မဟုတ် တိုက်တွန်းတာလဲ။" ၎င်းသည် သင့်စိတ်ကို အကျိုးသက်ရောက်မှုဖြည့်ပေးပြီး နှလုံးသားနှင့် ဘဝကိုပါ လွှမ်းမိုးပါစေ။ အကောင်းဆုံးကတော့ ထိုနှုတ်ကပတ်တော်ကို တတ်နိုင်သလောက် လက်တွေ့ကျင့်သုံးခြင်းပင်ဖြစ်သည်။ အခြားသူများက သွန်သင်သည့်အရာများကို ဘုရားသခင့်နှုတ်ကပါဌ်တော်နှင့် ကိုက်ညီမှုရှိမရှိ စစ်ဆေးသင့်သည်။ **တမန်တော် ၁၇:၁၁** က၊ 'ဗေရိမြို့သားတို့သည် သက်သာ လောနိတ်မြို့ သားတို့ထက် ထူးမြတ်သဖြင့်၊ အလွန် ကြည်ညိုသော စေတနာ

စိတ်နှင့် နှုတ်ကပတ်တရားတော်ကိုခံယူ၍ မှန်သည်မမှန်သည်ကို သိခြင်းငှါ၊ ကျမ်းစာကိုနေ့တိုင်း အစဉ်စေ့စေ့ ကြည့်ရှုကြ၏။'

**၅။ သမ္မာကျမ်းစာမှသင်ခန်းစာများကို လေးလေးနက်နက်စဉ်းစားပြီး တာဝန်ပွန်ကျေစွာ အလွတ်ကျက်မှတ်ပါ။ ၂တိ ၂း၁၅** က၊ 'သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက် စရာအကြောင်း မရှိဘဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှါ ကြိုးစား အားထုတ် လော့။' နှုတ်ကပတ်တော်ကို သတိရှိရှိနှင့် စနစ်တကျဖတ်ရှုပြီး ရည်ရွယ်ချက်ရှိရှိ တွေးတောဆင်ခြင်ပါ။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာအတွက် မန္နမုန့်နှင့် အဝတ်အစားများ လိုအပ်သောသလို ဘုရားနှုတ်ကပတ် တော်သည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်အတွက် အစာအဟာရဖြစ်သည်။ မနက်တိုင်း လတ်ဆတ်သော မန္နမုန့်ကို စုဆောင်းထားရမည်။ ကျမ်းစာဖတ်ရှုနိုင်ရန် သင်၏အချိန်နှင့်နေရာကိုရွေးချယ်ပါ။ ကျမ်းစာဖတ်ခြင်းကို အလျင်စလိုမ လုပ်ပါနှင့်။ မနက်ဖြစ်စေ၊ နေ့လည်ဖြစ်စေ၊ ညဖြစ်စေ အကောင်းဆုံးသော သင့်အချိန်ကိုပေးပါ။ မည်သို့ပင်ဆိုစေကာမူ၊ ဘုရားသခင့်နှုတ်မြွက်စကားတော်ကို နေ့စဉ်မပျက်မကွက် ဆင်ခြင်နှလုံးသွင်း နိုင်ဖို့ ထိုအချိန်ကို သင့်အသက်တာ၏ စည်းမျဉ်းတစ်ခုဖြစ်ပါစေ။

**၆။ သမ္မာကျမ်းစာတစ်အုပ်လုံးကို စနစ်တကျလေ့လာပါ။** မည်သည့်ကျမ်း သို့မဟုတ် အခန်းကိုမျှ လျစ်လျူမရှုဘဲ သမ္မာကျမ်းစာကို ဖတ်ရှုပါ။ ကျွန်ုပ်တို့တွင် အနှစ်သက်ဆုံးစာပိုဒ်များရှိပြီး အချို့လူများ လုံးဝမဖတ်ဖူးသော နှုတ်ကပတ်တော်များပါရှိသည်။ **၂တိ ၃း၁၆-၁၇** တွင်ဖော်ပြထားသော ကျမ်းစကားကို သိမှတ်ပါ- 'ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍၊ ဘုရားသခင်၏ လူသည်စုံလင်သောသူ၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူ ဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။' ဟုဆိုသည်။

**၇။ ဘုရားသခင်ဝိညာဉ်တော်သည် လုံလောက်သောသမ္မာကျမ်းစာမှ သင့်အား ဟောပြောသော တိုက်တွန်းချက်များကို လက်ခံပါစေ။** ယေဘူယျအားဖြင့် ကျမ်းပိုဒ်တစ်ပိုဒ်သည် သင့်အသက်တာမှာ လိုအပ်သောကျမ်းပိုဒ် သို့မဟုတ် သက်ဆိုင်နေသည်ဟု ယူဆတာပဲဖြစ်ဖြစ် ၎င်းကျမ်း




ပိုဒ်လေးကို လေးနက်စွာထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ **Hermeneutics** တွင်ဖော်ပြသော စည်းကမ်းချက်တစ်ခုမှာ "သမ္မာကျမ်းစာကို အဓိပ္ပါယ်ဖွဲ့ဆိုသည့်အခါ မှန်ကန်သော နည်းလမ်း မှာ သဒ္ဒါနှင့် သမိုင်းဆိုင်ရာ ချဉ်းကပ်မှုတို့လိုအပ်ပြီးနှင့် ထိုကျမ်းစာကို ရိုးရှင်းစွာ ခံယူနားလည် ရန်လိုအပ်သည်။ သို့သော် ယင်းစာသား၏ လိုအပ်ချက်အရ **allegorical** လိုမျိုး- တစ်ခုခု နှင့်ခိုင်းနှိုင်းပြီးပြောတာ သို့မဟုတ် စာသားအတိုင်း တိုက်ရိုက်ယူသုံးလို့မရသော စကားလုံးများ၏ ဆိုလိုရင်းကို သတိထားရမည်ဖြစ်သည်။"

**၈။ ခရစ်တော်ကို အာရုံစူးစိုက်သော မျက်လုံးဖြင့် သမ္မာကျမ်းစာကို စေ့စေ့တွေးတောဆင်ခြင်ပါ။** မှုတ်သွင်းခံကျမ်းစာကို နားလည်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ယေရှုအကြောင်းကိုသိရှိပြီး သက်သေခံရန်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းရှိ အခမ်းအနား (ceremonies) များသည် ခရစ်တော်၏ ပုံရိပ်များဖြစ်သည်။ ဓမ္မဟောင်းရှိ တရားသူကြီးများသည် ခရစ်တော်၏ အမျိုးအစားများဖြစ်သည်။ ဓမ္မဟောင်းရှိ ပရောဖက်ပြုချက်များသည်လည်း ခရစ်တော်၏ဆင်းရဲဒုက္ခများနှင့် လာမည့်သူ၏ ဘုန်းတော်ထင်ရှားခြင်းများနှင့် ပြည့်နှက်နေသည်။ ခရစ်တော်၏ ပထမအကြိမ်နှင့် ဒုတိယအကြိမ်ကြွလာခြင်းတို့သည် ယနေ့ ကျွန်ုပ်တို့အတွက် အရေးကြီးပြီး သူ၏နှိမ့်ချခြင်းနှင့် ဘုန်းကြီးသော နိုင်ငံတော်၊ သူ၏လက်ဝါးကပ်တိုင်၊ နောင်လာမည့်သရဖူနှင့် ခရစ်တော်၏သဘောသဘာဝနှင့် အမှုတော်တို့ကို နှုတ်ကပတ်တော်မြတ်မှ သိရှိရန် လိုအပ်သည်ဟု **ဗျာဒိတ် ၁:၃** တွင် ယောဟန်က ဆိုထားသည်- 'ကာလအချိန်ရောက်လုနီးပြီဖြစ်၍၊ ဤအနာဂတ္တိကျမ်းစကားကိုကြည့်ရှု ဘတ်ရွတ်နားထောင်၍၊ ရေးထားသမျှတို့ကို စောင့်ရှောက်သော သူတို့သည် မင်္ဂလာရှိကြ၏။'

## နိဂုံး

နေ့စဉ် သမ္မာကျမ်းစာကို စိတ်နှလုံးကြည်ဖြူစွာနှင့် ဉာဏ်ဖြင့် ဆင်ခြင်တွေးတောပြီး လေ့လာနိုင်ရန် အောက်ပါနည်း လမ်းများကို သုံးသပ်ကြည့်ကြပါစို့-

**၁။** စိတ်နှလုံး၊ ဝိညာဉ်တို့ဖြင့် **ဆုတောင်းပါ** (Psa 119:18, Matt 21:22)

၂။ စိတ်ထဲ၌ **ဆင်ခြင်အောက်မေ့ပါ** (ယောရှု ၁း၈၊ ဆာ ၁း၁-၃)

၃။ နှုတ်ကပတ်တော်၏ အကြောင်းအရာကို **သတိရှိစွာလေ့လာပါ** (၂တိ ၂:၁၅၊ ဧဇရ ၇:၁၀)၊

၄။ လေ့လာကြိမ်နှုန်းနှင့် ပြင်းထန်မှုတွင် **တသမတ်တည်းရှိပါစေ**(Psa 1:2၊ Heb 4:16)

၅။ နှိမ့်ချသော အမူအရာ၌ **သမ္မာသတိရှိပါ** (ယာ ၁း၂၁၊ ၂ခရစ်ဝင် ၇း၁၄)

၆။ ဘုရားသခင်ကို **နှိမ့်ချစွာနာခံလိုက်ပါ** (ယာ ၁း၂၂၊ ယော ၁၄း၂၁)၊

၇။ မကြာမီ ကိုယ်တော်ကြွလာမည်ကို **မျှော်လင့်ချက်ရှိပါ** (ဟေဗြဲ ၄:၁၂၊ တိ ၂:၁၄)၊

၈။ ဘုရားသခင်ကို **ကြောက်ရွံ့ရိုသေပါ** (ဟေရှာယ ၆၆:၂၊ သု ၉:၁၀)၊

၉။ ကျွန်ုပ်တို့ဝိညာဉ်အစာအတွက် အရေးကြီးသော ကျမ်းစာလေ့လာခြင်းကို မရပ်တန့်-အရှုံးမပေးဘဲ **ဇွဲရှိရှိ ဆက်လက်လုပ်ဆောင်ပါ** (မဿဲ ၄း၄၊ ဖေက် ၆း၁၈)။

ထို့ကြောင့် ဘုရားသား/သမီးများအနေနဲ့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နှစ်သက်မြတ်နိုးပြီး ကျွန်ုပ်တို့ယုံကြည်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သော ထိုနှုတ်ကပတ်တော် အသိပညာ၌ ကြီးထွားမှုရှိရန် ကြိုးစား-အားထုတ်-ကြပါစို့။ ~ **အာမင်** ~

**Rev. Dr Jack Sin**
Sovereign Hope Bible-Presbyterian Church
Singapore

ဘာသာပြန်သူ- *Mr. Benjamin Chui*